ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၆ - ၂၀၁၇)

Village Development Plan (VDP)

ဝမ်ချယ် ကျေးရွာ၊ ဘောလခဲ ကျေးရွာအုပ်စု၊ ဘောလခဲ မြို့နယ်

## မာတိကာ

၁။ဘောလခဲ မြို့နယ်မြေပုံ

၂။ ဂမ်ချယ်ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ ဘောလခဲ မြို့နယ်မြေပုံ



## ၂။ ဝမ်ချယ်ကျေးရွာမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | က | မ | ပေါင်း |
| ၁ | ဝမ်ချယ် | ၇၆ | ၁၇၁ | ၁၄၈ | ၃၁၉ |
| ၂ | ရေနီပေါက် | ၇၄ | ၁၈၂ | ၁၇၄ | ၃၅၆ |
| ၃ | မိုင်းထမ်း | ၁၀၅ | ၂၄၅ | ၂၂၀ | ၄၆၅ |
| | **စုစုပေါင်း** | **၂၅၅** | **၅၉၈** | **၅၄၂** | **၁၁၄၀** |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ဝမ်ချယ်ကျေးရွာသူ ၊ရွာသားများသည် ယခင်က နန့်နောက်ကျေးရွာတွင် နေထိုင်ခဲ့ကြသည်။၁၉၅၆ ခုနှစ်တွင်တရုတ်လူမျိုးတစ်ဦးဖြစ်သော ဦးအချယ် ဆိုသူမှ ကျေးရွာကိုစတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ စတင်တည်ထောင်သူ ဦးအချယ်အမည်ကိုအစွဲပြုကာ ကျေးရွာအမည်ကိုလည်း ဝမ်ချယ် ဟုရှမ်းလူမျိုးများမှ ခေါ်တွင်ခဲ့ကြသည်။ဝမ် - ဆိုသည်မှာရှမ်းလိုရွာဟု အဓိပ္ပါယ်ရပြီး ချယ်-မှာမူ ဦးအချယ်အမည်မှ ချယ်ကိုယူကာ ဝမ်ချယ် အဖြစ်မှည့်ခေါ်ထားခြင်း ဖြစ်သည်။၁၉၆၄-၁၉၅၇ ခုနှစ် ဝမ်ချယ်ကျေးရွာကို စတင်တည်ထောင်ခဲ့ချိန်တွင် အိမ်ခြေ (၅)အိမ်သာရှိသည်။ နမ့်ဟူးကျေးရွာ နှင့် နန့်နောက်ကျေးရွာမှ ပြောင်းရွှေ့နေထိုင်ခြင်းမှ ဝမ်ချယ်ကျေးရွာ ဟူ၍ဖြစ်ပေါ်လာသည်။ နန့်နောက်ကျေးရွာ မှပြောင်းရွှေ့လာရခြင်းမှာ လက်ရှိနေရာတွင် စိုက်ပျိုးရန်အတွက် မြေပြန့်ပြူးမှုရှိခြင်း၊မြေဆီမြေသြဇာ ကောင်းမွန်ခြင်းကြောင့် ဖြစ်သည်။ထို့ကြောင့် ကျေးရွာတည်ထောင်စ အိမ်ခြေ (၅)အိမ်မှ နောက်ပိုင်း (၁၀)အိမ်အထိတိုးလာခဲ့ပြီး ၁၉၆၀-၆၂ ခုနှစ်ဝန်းကျင်တွင် အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်း ကောင်းမွန်သဖြင့် အိမ်ခြေတဖြေးဖြေး တိုးလာသည်။၁၉၆၄ ခုနှစ်တွင် ဦးဆဲရယ် နှင့် ဦးဘအေးတို့ နှစ်ဦးမှ ဦးဆောင်ဦးရွက်ပြုကာ ဝမ်ချယ်ကျေးရွာ ကိုယ်ထူကိုယ်ထ စာသင်ကျောင်း တစ်ဆောင်စတင်တည်ဆောက်ခဲ့သည်။ ကျောင်းသားဦးရေ (၁၅) ဦးရှိခဲ့သည်။၁၉၆၄ ခုနှစ်မှစ၍ ကယားရိုးရာ ဒီးကူပွဲ(ခေါ်)ကောက်ညှင်းထုတ်ပွဲ အဖြစ်နှစ်စဉ် ကျင်းပခဲ့ကြသည်။ ၁၉၇၀ ခုနှစ်တွင် မူလတန်းကျောင်းကို အစိုးရမှဆောက်လုပ်ပေးခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် တစ်ကြိမ် ၊ ၁၉၈၀ ခုနှစ်တွင်တစ်ကြိမ် စုစုပေါင်း(၂)ကြိမ်တိုင်တိုင် ဝမ်ချယ်ကျေးရွာသည် စစ်ဘေးသင့်ခဲ့ကြရသည်။၁၉၈၁ ခုနှစ်တွင်မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ကျေးရွာအတွက် သောက်သုံးရေကန်တစ်ကန်ဆောက်လုပ်ပေးခဲ့ပါသည်။ ၁၆.၆.၁၉၉၆ ခုနှစ်တွင် စစ်အစိုးရမှ သောင်းကျန်းသူလျှော့ချရေးအတွက်ချမှတ်သော ဖြတ်လေးဖြတ်ကြောင့် နယ်မြေမ အေးချမ်းသဖြင့် အစိုးရမှ ဝမ်ချယ်ကျေးရွာအား အခြားရွာများနည်းတူ ဘောလခဲမြို့သို့ပြောင်းရွှေ့စေခဲ့သည်။ကျေးရွာသူ/ရွာသားများသည် ဆင်းရဲ ဒုက္ခအမျိုးမျိုးကို ကြုံခဲ့ရပြီးနောက် ၂၀၀၀ခုနှစ်တွင် နယ်မြေအေးချမ်းမှုရှိလာသဖြင့် မိမိကျေးရွာသို့ အသီးသီးပြန်ခဲ့ကြသည်။ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ထေရဝါဒ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ခဲ့ကြပါသည်။၂၀၀၅ ခုနှစ်တွင် ကရုဏာအဖွဲ့မှရေကန်တစ်ကန် ဆောက်လုပ်လှူဒါန်းခဲ့ကြသည့်အပြင် အစိုးရမှ ကျေးလက်ကျန်းလက် ကျန်းမာရေး ခန်းမ တစ်ဆောင်ကိုဆောက်လုပ်ခဲ့သည်။ ၂၀၀၉ခုနှစ်တွင် မြန်မာနိုင်ငံတော်အစိုးရမှ စာသင်ကျောင်းတစ်ဆောင် ဆောက်လုပ် ပေးခဲ့ပါသည်။ ၂၀၁၁ခုနှစ်တွင် ပုလဲနဒီ ကုမ္ပဏီမှ ရေကန်တစ်ကန်ဆောက်လုပ်ပေးခဲ့သည်။ ၂၀၁၁ မှ ၂၀၁၅ ခုနှစ်အထိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်အစိုးရနှင့်လွှတ်တော်ရန်ပုံငွေ ၊ပြည်နယ်အစိုးရ၊သက်ဆိုင်ရာဌာန၊လူမှုရေးအဖွဲ့ အစည်းများမှ ကျေးရွာဖွံ့ဖြိုးတက်ရေးအတွက် ရေတွင်း၊ရေကန်၊စာကြည့်တိုက်၊ဝန်ထမ်းအိမ်ရာ ၊မီးလင်းရေး၊ကျောက်ချောလမ်း၊ ကျေးရွာတွင်း ကွန်ကရစ်လမ်းနှင့်တံတား စသည်ဖြင့် အသီးသီး ဆောင်ရွက်ပေးခဲ့ကြသည်။၂၀၁၆ ခုနှစ်တွင် IRC အဖွဲ့မှ စာသင်ကျောင်းအတွင်း ယင်လုံအိမ်သာ(၂)လုံးကို ဆောက်လုပ်ပေးခဲ့သည်။ကျေးရွာမှလည်း ကိုယ်ထူကိုယ်ထမူလတန်းကျောင်းဆောင်ကို ဆောက်လုပ် ခဲ့ကြသည်။MSDA အဖွဲ့မှ လည်းကျေးရွာခန်းမဆောင် ကိုဆောက်လုပ်လှူဒန်းခဲ့ကြသည်။ ယခုလက်ရှိ တွင်မူ အိမ်ခြေ (၇၆) အိမ်၊အိမ်ထောင်စု(၇၈)အိမ် ၊ လူဦးရေ ကျား- ၁၇၁ ဦး နှင့် မ-၁၄၈ ဦး စုစုပေါင်း( ၃၁၉ ) ဦး ဖြင့် နေထိုင်လျက်ရှိပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်း အရာ | ရက်စွဲ | ဦးတည် အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပေါင်း | |
| ၁ | လူမှုရေး အရင်းအမြစ်ပြမြေပုံ | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၃၂ | ၃၆ | ၆၈ | ကျေးရွာအတွင်းရှိ အိမ်ခြေ များ၊ လက်ရှိ သဘာဝအရင်းအမြစ်များ အား အသုံးချမှု အခြေအနေများ နှင့် သဘာဝဘေး အန္တရာယ်များအား ဖော်ထုတ်ခြင်း။ |
| ၂ | ဉစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၃၂ | ၃၆ | ၆၈ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာ စံနှုန်း အပေါ်အခြေခံပြီး လူနေမှု အဆင့်အတန်း များသတ်မှတ်ခြင်း။ |
| ၃ | ကျား-မရေးရာ ကဏ္ဍ # ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၃၂ | ၃၆ | ၆၈ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝ အရင်းအမြစ်များအပေါ် အမျိုးသမီးများ နှင့်အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ်မှုများအား ဖော်ထုတ်ခြင်း |
| ၄ | ကျား-မ ရေးရာ ကဏ္ဍ # ၂ (ပင့်ကူအိမ်) | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၃၂ | ၃၆ | ၆၈ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ်ပြီး မှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြ ပြက္ခဒိန် | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၃၂ | ၃၆ | ၆၈ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ရာသီအလိုက် ဆောင်ရွက်သော လုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအား ဖော်ထုတ်ခြင်း။ |
| ၆ | အဖွဲ့အစည်းများ ချိတ်ဆက်မှုပြ ဗင်းပုံစံ | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၃၂ | ၃၆ | ၆၈ | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်းများ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ နှင့် အကျိုးဆက်များအား ဖော်ထုတ်ခြင်း။ |

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**


**(က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ**




ဝမ်ချယ်ကျေးရွာ သည် ဘောလခဲ ခရိုင်၊ဘောလခဲမြို့နယ် ၏တောင်ဘက် (၁၂)မိုင်ခန့်အကွာ တွင်တည်ရှိပါသည်။ဝမ်ချယ်ကျေးရွာတွင် အိမ်ခြေ(၇၆)အိမ် ရှိပြီးအိမ်ထောင်စုမှာ(၇၈)ရှိကာ စုစုပေါင်းလူဦးရေမှာ(၃၁၉)ဦးခန့်နေထိုင်ပါသည်။ ကျေးရွာ၏အနောက်မြောက်ဘက်တွင် ဝမ်ချယ်မှရေနီပေါက်သို့သွားရာ မြေသားလမ်းရှိပြီး မြောက်ဘက်တွင်မူမိုင်းထမ်းကျေးရွာသို့သွားရာကျောက်ချောလမ်းရှိသည်။ ကျေးရွာ၏ အရှေ့ဘက်တွင်တောင်တန်းများရှိပြီး တောင်ယာခင်းများလည်းရှိသည်။၎င်းကျေးရွာရှိ အိမ်ထောင်စု အများစု သည်တောင်ယာလုပ်ငန်းကို အဓိက အသက်မွေးဝမ်းကျောင်းအဖြစ်လုပ်ကိုင်ကြသည်။အလုပ်ပါးချိန်များတွင် အမဲလိုက်ခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ အိမ်တွင်းတစ်နိုင်တပိုင် မွေးမြူရေးလုပ်ငန်းများကို လည်းလုပ်ကိုင်ပါသည်။ကျေးရွာတွင် ကယားလူမျိုးများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုအထွတ်အမြတ်ထား ကိုးကွယ်ကြသည်။ ကယားရိုးရာကေ့ထိုးဘိုးနတ်ကိုးကွယ် ခြင်းများလည်းရှိသည်။ တောင်ယာအားလပ်ချိန် တွင်လက်သမား၊ပန်းရံအလုပ်ကိုလုပ်ကိုင်ပါကြပါသည်။သုံးစွဲသောရေအရင်းအမြစ်မှာ ရေထွက်ပေါက်မှဖြစ်သည်။ ကျေးရွာအရှေ့ဘက်တွင်မူ ကျောက်ထုတ်ယူသုံးစွဲနေသော ကျောက်တောင်ရှိသော်လည်း ကျောက်အနည်းငယ် သာရှိသည်။ကျေးရွာအတွင်းသီးခြားနေထိုင်သောအုပ်စုများ၊ဘာသာရေးဆိုင်ရာအုပ်စုများ ဟူ၍ခွဲခြားခြင်းမရှိဘဲ တစ်စုတစည်းတည်းသာ နေထိုင်ကြပါသည်။ကျေးရွာတွင်းရှိ အခြေခံအဆောက်အဦးများမှာ ဘုန်းကြီးကျောင်း၊


ကျေးလက်ဆေးပေးခန်း၊ လူငယ်ရိပ်သာ၊ကျေးရွာခန်းမဆောင်၊ စာသင်ကျောင်း၊ ကျေးရွာစာကြည့်တိုက်၊ မျိုးစေ့ဘဏ်တို့ဖြစ်သည်။ သောက်ရေသုံးရေကို တောင်ပေါ်ရေထွက်ပေါက်နှင့်ရွာအနီးရှိ ရေစိမ့်ထွက်ကန်တို့မှ အဓိက သွယ်တန်းသုံးစွဲကြပါသည်။ ကျေးရွာအနောက်ဘက်တွင် ပွန်ချောင်း စီးဆင်းလျက်ရှိပါသည်။


## (ခ) ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း




ဝမ်ချယ်ကျေးရွာတွင် ဥစ္စာဓန ကြွယ်ဝမှုအဆင့်သတ်မှတ်ရာတွင် ကျေးရွာတွင် အဆင်မပြေသော အိမ်ခြေ(၃၆)အိမ်ရှိပါသည်။ အဆင်မပြေရသည့်အကြောင်းအရင်းမှာ ရွာတွင် အရေးအခင်းများဖြစ်ပွားခြင်း၊ မိဘဘိုးဘွားများမှ နောင်လာနောက်သားများအား ပေးရန်အမွေအနှစ်မရှိခြင်းကြောင့် ဖြစ်သည်။ အချို့မှာ အမွေအနှစ်များရရှိသော်လည်း ဗဟုသုတအသိပညာမတတ်သောကြောင့် စီမံခန့်ခွဲမှုတွင်အားနည်းသဖြင့် မိမိတို့ရင်သွေး အနာဂါတ်ကို ထည့်သွင်းစဉ်းစားကြခြင်းလည်းမရှိပါ။ထိုကဲ့သို့အဆင်မပြေမှုများ ကိုလျှော့ချနိုင်စေရန်ကျေးရွာတွင်းရှိ အနာဂါတ်ကလေးငယ်များ၏ ပညာရေးစနစ်ကို မြှင့်တင်ပေးရန်လိုအပ်ပါသည်။ကျေးရွာတစ်ရွာလုံး မှလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတို့တွင် တက်ကြွ စည်းလုံးစွာပါဝင်မှသာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။အသင့်အတင့် ရှိသူများမှာ မြေယာ (၁၅)ဧက ၊ ဆိုင်ကယ် နှစ်စီးနှင့်အထက် ၊ နွား ၊လှည်းများကိုသာပိုင်ဆိုင်ကြပါသည်။အဆင်မပြေသော အိမ်ထောင်စုများတွင် အိမ် (သက်ကယ်မိုးအိမ်)ကိုသာ အသုံးပြုနေထိုင်ကြရသည်။အဆင်မပြေသော သူများတွင်မူ မြေဧက (၂) ဧက နှင့်အချို့မှာ(၃) ဧက သာရှိပါသည်။


### (ဂ) ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)



ဝမ်ချယ်ကျေးရွာတွင် ကျား-မ ရေးရာကဏ္ဍ ပိုင်ဆိုင်မှုများကို သုံးသပ်ဆွေးနွေးရာတွင် ဘောလုံးကွင်း၊ တောင်ယာ၊နီးဖြာခြင်း နှင့် မွေးမြူရေး လုပ်ငန်းများကို အမျိုးသမီး ၊အမျိုးသားတို့အတူ ထိန်းချုပ်ကြပါသည်။ ကျေးရွာတွင်းအရင်းအမြစ်များဖြစ်သော ဘောလုံးကွင်း ၊တောင်ယာ၊ပန်းရံလုပ်ခြင်း ၊လမ်း၊တောင်ကျချောင်းရေ၊ တွင်းရေ နှင့် နီးဝါး တို့ကိုမူ အမျိုးသား အမျိုးသမီး အတူတူ သုံးစွဲကြပါသည်။အိမ်မှုကိစ္စ ၊ ပြောင်းကောက် ထောင်းခြင်း၊ဈေးရောင်းခြင်းတို့ကိုမူ အမျိုးသမီး များသာသီးသန့် သုံးစွဲပြီး ထိန်းချုပ်ထားပါသည်။ ကျောက်တူး ဖော်ရေး၊သစ်ခုတ်၊ ဝါးခုတ်၊နွားကျောင်း၊လက်သမား၊ပုတ်ရက်လုပ်ခြင်း၊လယ်ထွန်စက်၊ နွားလှည်း စသည်တို့ကိုမူ အမျိုးသားများသာသုံးစွဲကြပါသည်။ အမျိုးသား များသီးသန့် ထိန်းချုပ်သော အရင်းအမြစ်များမှာ ပန်းရံ၊လမ်း၊ တောင်ကျရေ၊တွင်းရေ၊ ကျောက်တူးဖော်ရေး၊ သစ်ခုတ်၊ဝါးခုတ်၊ နွားကျောင်း၊လက်သမား၊ပုတ်ရက်ခြင်း၊ လယ်ထွန်စက်နှင့် နွားလှည်းတို့ဖြစ်သည်။ ဝမ်ချယ်ကျေးရွာတွင် အမျိုးသားအမျိုးသမီး ခွဲခြားဆက်ဆံမှု မရှိဘဲလုပ်အားခမှာလည်း အမျိုးသား အမျိုးသမီးတန်းတူ ရပါသည်။


### (ဃ) ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)



ဝမ်ချယ်ကျေးရွာတွင် ကျား-မ ရေးရာအခန်းကဏ္ဍ ပင့်ကူအိမ်ပုံစံ အမျိုးသား အမျိုးသမီး (၂)ဖွဲ့ခွဲဆွေးနွေး သုံးသပ်ကြရာတွင် ကျန်းမာရေးတွင် အမျိုးသမီးများ ပိုမိုနားလည်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးအများစုသည် မိမိတို့၏ရင်သွေးငယ်များနှင့် အနီးကပ်ကြည့်ရှုစောင့်ရှောက် နေရသောကြောင့် ဖြစ်သည်။

အလုပ်အကိုင်၊လုံခြုံမှု ၊အုပ်ထိန်းခွင့်၊ဦးဆောင်ခွင့် နှင့် အဖွဲ့အစည်းများတွင်ပါဝင်ခွင့်တို့တွင် အမျိုးသမီး များအတွက် အခွင့်အရေးနည်းလှပါသည်။ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများကိုအမျိုးသားများက အိမ်မှုကိစ္စများ တွင်ကူညီပေးခြင်း ၊ကလေးကူထိန်းပေးခြင်းတို့တွင် အားနည်းနေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အမျိုးသား များအနေဖြင့်အမျိုးသမီးများ ၏အလုပ်ကိစ္စများနှင့် ကလေးထိန်း ၊ ရေခပ်စသည်တို့တွင်ဝိုင်းဝန်း ကူညီမည် ဆိုပါကအမျိုးသမီးအများစုတို့၏စွမ်းဆောင်ရည်မှာပိုမို မြင့်တက်လာနိုင်ပါသည်။ အမျိုးသမီးများကို ဈေးဆိုင် ဖွင့်ရာတွင် အရင်းအနှီးများ မတည်ထောက်ပံ့ပေးခြင်း၊အိမ်တွင်းမှုသင်တန်းများ ပို့ချပေးခြင်း ၊အလှအပ ဆိုင်ရာသင်တန်းများပို့ချ ပေးခြင်းနှင့်စိုက်ပျိုးရေး နည်းပညာဆိုင်ရာ သင်တန်းများကို ပို့ချသင်ကြားပေးခြင်းဖြင့် လည်း ကျေးရွာအတွင်းရှိ အမျိုးသမီးတို့၏ဘဝအခြေအနေကိုမြှင့်တင်ပေးနိုင်ပါသည်။

### (c) ရာသီခွင်ပြဇယား



ဝမ်းချယ်ကျေးရွာတွင် ရာသီခွင်ပြဇယား မှဆွေးနွေးချက်များအရ ကျေးရွာ၏အဓိကအသက်မွေးဝမ်း ကျောင်း လုပ်ငန်းမှာစိုက်ပျိုးရေးဖြစ်သည်။ နှမ်းကိုအဓိကစိုက်ပျိုးကြပြီး ဒုတိယသီးနှံအနေဖြင့် ပြောင်းကောက်ကို စိုက်ပျိုးကြပါသည်။ နှမ်းကိုဇွန်လ၊ဇူလိုင်လတွင်စတင်ပျိုးကျဲ စိုက်ပျိုးပြီး အချို့မှာ ဩဂုတ်လ ရောက်သောအခါမှ သာစိုက်ပျိုးကြပါသည်။ စောစောပျိုးကျဲသူများမှာ မူ နိုဝင်ဘာလတွင် ရိတ်သိမ်းကြပြီး ပျိုးကျဲနောက်ကျသူများမှာ နောက်ကျသည့်အလျောက် လအနည်းငယ်နောက်ကျရိတ်သိမ်းကြပါသည်။ ပြောင်းကောက်ကိုမူနိုဝင်ဘာလတွင် စတင်စိုက်ပျိုးကြပြီး ဇန်နဝါရီလတွင်ရိတ်သိမ်းကြပါသည်။ဧက်တင်ဘာလတွင် ဒီးကူပွဲကျင်းပလေ့ရှိကြပြီး အောက်တိုဘာလတွင် မီးထွန်းပွဲကိုကျင်းပကြပါသည်။ ကထိန်ပွဲတော်ကို နိုဝင်ဘာလတွင် စည်ကားသိုက်မြိုက်

စွာကျင်းပကြပါသည်။သောက်ရေသုံးရေမှာတွင်းကန်များမှရေပုံမှန် ရရှိသော်လည်း နွေရာသီတွင် သောက်သုံးရေ လုံလောက်မှုမရှိပါ။ မေလနှင့်ဇွန်လတို့တွင်ကလေးများ ဝမ်းပျက်ဝမ်းလျှောရောဂါအဖြစ်များပြီးဇူလိုင် ၊ဩဂုတ်လ မိုးရာသီတွင် အများအားဖြင့် ဖျားနာလူနာ ရှိနေသည်။

ကောက်ပဲသီးနှံများ ရိတ်သိမ်းချိန် ဖြစ်သောစက်တင်ဘာ၊ အောက်တိုဘာ၊နိုဝင်ဘာလတို့တွင် ဝင်ငွေများသောလများဖြစ်သည်။ မိုးရာသီတွင် ကျေးရွာချင်းဆက်လမ်းများမှာ မြေသားလမ်းသာဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိပါ။ ထို့ကြောင့် မိုးတွင်းအခါ အရေးပေါ်ကိစ္စရပ်များ ဖြစ်ပေါ်လာပါက နှောင့်နှေး ကျန့်ကြာခြင်းများဖြစ်နေသည်။

## (စ) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ်






ဝမ်ချယ်ကျေးရွာ နှင့် ချိတ်ဆက်မှုရှိသောအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊မြစိမ်းရောင် စီမံကိန်းအဖွဲ့၊သမဝါယမ အဖွဲ့၊ကယားဖူး၊ ကျေးရွာလူငယ်အဖွဲ့၊ ဆယ်အိမ်မှူး၊ကျန်းမာရေးကော်မတီ၊ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ၊ ငွေစုငွေချေးအဖွဲ့၊IRC ၊ Pact Myanmar၊မေတ္တာစကြာအဖွဲ့၊ မောဒူ ကမေးလာ၊ဂေါပကအဖွဲ့၊ မြို့နယ်ဌာနဆိုင်ရာ၊KNWHC၊အ(၃)လုံး စာသင်အဖွဲ့၊KNOW၊ဂရုဏာအဖွဲ့၊မြို့နယ်ကျေးလက်အဖွဲ့ နှင့် စာသင်ကျောင်းကော်မတီ ဟူ၍ ဖြစ်သည်။ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍနှင့်ရပ်ရွာကိစ္စအဝဝ ကို အုပ်ချုပ်ရေးအဖွဲ့ မှဆောင်ရွက်ပေးပြီး ကျေးရွာသာရေး၊နာရေးလုပ်ငန်းများကိုမူ ကျေးရွာလူငယ်အဖွဲ့ မှ ဆောင်ရွက်လျက် ရှိသည်။Pact Myanmar အဖွဲ့သည် ကျေးရွာတွင်းရှိ အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးသော

အဖွဲ့ဖြစ်ပြီး KNW O အဖွဲ့သည် အမျိုးသမီးများ အကြမ်းမဖက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော အဖွဲ့ဖြစ်သည်။

ကျန်သောအခြားအဖွဲ့အစည်းများမှာ ကဏ္ဍအလိုက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကလေးသူငယ် အခွင့်အရေးကိုဖော်ထုတ်ခြင်း နှင့် လယ်ယာမြေ ကိစ္စရပ်တို့တွင် ကူညီပံ့ပိုးပေးကြပါသည်။ သုံးသပ်ဆွေးနွေး ချက်အရ ဝမ်ချယ်ကျေးရွာနှင့် ဆက်စပ်သောအဖွဲ့ အစည်းများစွာရှိနေသည်။

## (ဆ) အခက်အခဲများနှင့်ပြဿနာများ







ဝမ်ချယ်ကျေးရွာတွင် ကျေးရွာလူထုများနှင့်အတူ ဆွေးနွေးချက်များအရ ကျေးရွာရှိမူလတန်းကျောင်း တွင်ကျောင်းသားဦးရေ နှင့်ကျောင်းဆောင် မှာမျှတမှုမရှိသောကြောင့် ကလေးငယ်များ အခန်းခွဲရန် အဆင်မပြေ ပါ။ကျောင်းဆောင် နံရံများလည်း မရှိသဖြင့် စာသင်ချိန်တွင် အခြားအခန်းမှ စာသင်သံများကိုလည်း အတိုင်းသာ ကြားနေ ၊ မြင်နေရသဖြင့်အဆင်မပြေပါ။ ကျေးရွာတွင်းလမ်း များသည်လည်း မြေသားလမ်းသာဖြစ်သဖြင့် မိုးရာသီတွင် ဗွက်ထကာ သွားလာရခက်ခဲနေပါသည်။ကျောင်းတွင်လည်း ပညာရေး ဝန်ထမ်းအရေအတွက် လုံလောက်မှုမရှိပါ။ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးလွန်းသဖြင့် စားဝတ်နေရေး အခက်အခဲများ လည်းကြုံရသည်။ကျေးရွာလူငယ်များသည် အားကစားလိုက်စားသောလူငယ်များဖြစ်သည့်အပြင် စည်းလုံး ညီညွတ်မှုလည်းရှိကြသည်။ကျေးရွာရှိ တွင်းရေကန် သည်သောက်သုံးရေ ပုံမှန်ရနေသော်လည်းနွေရာသည်တွင် လုံလောက်မှုမရှိပါ။ကျေးရွာတွင် ဗုဒ္ဓဘာသာဝင်များအတွက် ဥပုဒ်သီလ ဆောက်တည်သည့်နေရာ ဇရပ် မရှိသောကြောင့်ဘိုးဘွားများအတွက် အေးချမ်းစွာဥပုဒ်သီလဆောက်တည်၍မရနိုင်ပါ။ ကျေးလက်ဆေးပေးခန်း တွင်လည်း ကျန်းမာရေဝန်ထမ်းအင်အားလုံလောက်မှုမရှိပါ။မူကြိုအရွယ်ကလေး ငယ်များအတွက် မူကြိုကျောင်း မရှိသဖြင့် ကျေးရွာရှိကလေးမိခင်များမှာ ကလေးထိန်းခြင်းအဝတ်လျှော်ခြင်းများနှင့်သာ အချိန်ကုန်နေသဖြင့် အိမ်ထောင်အတွက်အပိုဝင်ငွေ ရှာချင်သော်လည်း အဆင်မပြေပါ။စိုက်ပျိုးရေး နည်းပညာ လက်လှမ်းမီခြင်းမရှိ သဖြင့်လည်း စိုက်ပျိုးသီးနှံများထွက်ရှိနှုန်း အလွန်နည်းနေသည်။ ယခုရှိသော အုပ်စုဘောလုံးကွင်းမှာ

စံသတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိသဖြင့် အားကစားလုပ်ရာတွင်လည်း စနစ်တကျမရှိသောကြောင့် အခြားမြို့နယ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်သည့် အခွင့်အရေး နည်းပါးလှပါသည်။


**(ဇ) မျှော်မှန်းချက်**



နောင်လာမည့်(၅)နှစ်တာကာလအတွင်း ဝမ်ချယ်ကျေးရွာတွင် အလယ်တန်းကျောင်း ဖြစ်လာစေရန်နှင့် ကစားကွင်းပါပြီး အစိုးရ မှခန့်ထားသော ဝန်ထမ်းရှိသည့် မူကြိုကျောင်းရှိလာစေရန်မျှော်မှန်းထားကြသည်။ ကျေးရွာတွင်း လမ်းများကိုလည်း ကောင်းမွန်သောကျောက်ချောလမ်း များအဖြစ်မြင်ချင်ကြသည်။ တစ်ရွာလုံး သောက်သုံးရေလုံလောက်ပြီး ဝမ်းရောဂါဖြစ်သူမရှိသော ကျေးရွာဖြစ်စေချင်သည်။ ကျေးရွာအုပ်စုဘောလုံးကွင်း ကိုလည်းပွဲကြည့်စဉ်ပါသောခေတ်မီဘောလုံးကွင်းဖြစ်စေရန် မျှော်မှန်းထားကြသည်။ ကျေးရွာလူထုတို့၏ မျှော်မှန်းချက်များအရ ကျေးရွာလူငယ်တို့သည် အားကစားစိတ်ဓါတ်အပြည့်အဝရှိကြပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း စိတ်ပါဝင်စားကြပါသည်။

### (ဈ) ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း



ဝမ်ချယ်ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများကို (၂၇-၁-၂၀၁၇) ရက်နေ့တွင်ကျေးရွာသူရွာသားများ အားလုံးမှ လျို့ဝှက်မဲဖြင့် ရွေးချယ်ကြရာတွင် မူလတန်းကျောင်းရှိ ကျောင်းသားအရေအတွက်နှင့် ကျောင်းဆောင် မျှတမှုမရှိသဖြင့် ကျောင်းဆောင်တိုးချဲ့ခြင်းလုပ်ငန်းကို ဦးစားပေး(၁)အဖြစ် အမျိုးသား အမျိုးသမီး များအတူတူရွေးချယ်ခဲ့ကြသည်။ ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းသာဖြစ်ပြီး မိုးတွင်းအခါ သွားလာရခက်ခဲသဖြင့် ကျေးရွာတွင်းလမ်းများအားပြုပြင်ရန် ဦးစားပေး(၂)(၃)အဖြစ်(၂)နှစ်ဆက်တိုက် ပြုပြင်ရန် အမျိုးသား၊အမျိုးသမီးများ မှဦးစားပေးရွေးချယ်ခဲ့ကြသည်။

စနစ်တကျ ကောင်းမွန်ပြီး ပစ္စည်းကိရိယာများစုံလင်သော အုပ်စုဘောလုံးကွင်းတွင် ကျေးရွာလူငယ်များ အများနည်းတူလေ့ကျင့်နိုင်စေရန် အမျိုးသားထု မှ အုပ်စုဘောလုံးကွင်း တည်ဆောက်ခြင်းလုပ်ငန်းကို ဦးစားပေး (၄) အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြသည်။ဝမ်ချယ်ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများသည် ကျေးရွာအတွက် အမှန်တစ်ကယ်လိုအပ်နေသော ဖွံ့ဖြိုးရေးလုပ်ငန်း များဖြစ်သည်။

### ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ







## ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးတင်ဌေး | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | |
| ၂ | ဒေါ်နှင်းရည် | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | |
| ၃ | ဦးနေထွန်း | ငွေစာရင်းကိုင် | |
| ၄ | ဦးမောင်ညွန့် | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၅ | ဒေါ်စန်းရီ | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၆ | ဦးသိန်းအောင် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၇ | ဒေါ်မိုးမိုးဌေး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | ဦးထွန်းကျော် | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၉ | ဒေါ်ခိုင်ခိုင်စိုး | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | ဦးကျော်သိန်း | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီ | |
| ၁၁ | ဒေါ်ချောချောဦး | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီ | |
| ၁၂ | ဦးကျော်ဌေး | စေတနာ့ဝန်ထမ်း | |
| ၁၃ | ဒေါ်သန်းသန်းအေး | စေတနာ့ဝန်ထမ်း | |

# ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦးတင်မျိုးမြင့် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>09-423125639 | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဒေါ်နန်းမိုးမိုးသူ | |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ | ကျေးရွာ ဝမ်ချယ် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၂၂ | ဘာသာ (၁) ဗုဒ္ဓ------- | ၂၂ |
| လူမျိုးစု (၂) ------------- | | ဘာသာ (၂) ------------- | |
| လူမျိုးစု (၃) ------------- | | ဘာသာ (၃) ------------- | |
| လူမျိုးစုရော ------------- | | ဘာသာရော ------------ | |
| အခြား | ၄ | ဗုဒ္ဓ / ခရစ်ယာန် | ၃ / ၁ |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | ဗုဒ္ဓ | ၃ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀ | ဗုဒ္ဓ | ၁၀ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၇၁ | ၄၈ |
| လူမျိုးစု (၁)-ကယား | ၆၈ | ၄၇ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | ၃ | ၁ |
| အိမ်ထောင်ဦးစီး | ၂၅ | ၁ |

= ၁၁၉ ဦး

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| တ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း
မော်တော်ဆိုင်ကယ်လမ်း
(ကျောက်ခင်းလမ်း)　　မြေသားလမ်း　　လူသွားလမ်း　　အခြား

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?　　(ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၃/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၅ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၅ မိနစ်

ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန် ၂၅ မိနစ်

ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible] ၊ လူငယ်အဖွဲ့ ၊ ဓမ္မစကြာအဖွဲ့ ၊

(၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ၊ Pact Myanmar ။

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် ဦးတင်မျိုးမြင့်

လက်မှတ် (signature) 27-1-17 နေ့စွဲ ၂၇.၁.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်နန်းမိုးမိုးသူ

လက်မှတ် (signature) နေ့စွဲ ၂၇.၁.၂၀၁၇

# ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)



လူထုပဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၁.၁၁.၂၀၁၆

ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| |
|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးဆုံးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နန်းဖြိုးမိုးသူ |
| နေ့စွဲ ၂၇.၁.၂၀၁၇ — စက်ဝန်းအားအမှတ်ခြစ်ပါ ✓ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း ကယား — မြို့နယ် ဘောလခဲ — ကျေးရွာအုပ်စု ဘောလခဲ — ကျေးရွာ ဝမ်ချယ် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၅.၁.၁၇ | ၂၅.၁.၁၇ | ၂၃ | ၁၆ | ၃၉ | ဗမာ - ၁<br>ကယား - ၃၈ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၇.၁.၁၇ | ၂၇.၁.၁၇ | ၃၂ | ၃၆ | ၆၈ | ကယား - ၆၈ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၆.၂.၁၇ | ၆.၂.၁၇ | ၁၆ | ၇ | ၂၃ | ကယား ၁၆<br>ဒွယ်-၄ ဗမာ-၃ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၀.၂.၁၇ | ၁၀.၂.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၃၀.၃.၁၇ | ၃၀.၃.၁၇ | ၆၀ | ၁၃ | ၇၃ | ဇာ - ၁<br>ကယား - ၇၁<br>ဗမာ - ၁ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၂.၄.၁၇ | ၂၂.၄.၁၇ | ၈ | ၄ | ၁၂ | ကယား - ၁၂ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၂.၄.၁၇ | ၂၂.၄.၁၇ | ၈ | ၄ | ၁၁ | ကယား - ၁၂ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၀.၁၁.၂၀၁၆

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၂.၄.၁၇ | ၂၂.၄.၁၇ | ၈ | ၄ | ၁၁ | ကယား - ၁၂ |
| ၆.၃။ ဘဏ္ဍာရေးကျန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၂.၄.၁၇ | ၂၂.၄.၁၇ | ၈ | ၄ | ၁၁ | ကယား - ၁၂ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၂.၄.၁၇ | ၂၂.၄.၁၇ | ၈ | ၄ | ၁၁ | ကယား - ၁၂ |
| ၇။ စီမံကိန်းလုပ်ငန်းစွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - |
| ၈။ စီမံကိန်းလုပ်ငန်းစွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နန်းမိုးမိုးသူ | | | |
| နေ့စွဲ ၂၇-၁-၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း: ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ | ကျေးရွာ ဝမ်ချယ် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | သောက်သုံးရေ မလုံလောက်ခြင်း | ၁ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၂ | အလုပ်အကိုင်အခွင့်အလမ်း မရှိခြင်း | ၂ | ကျောင်းဆရာမ အင်အား မလုံလောက်ခြင်း |
| ၃ | လမ်းမကောင်းသောကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | ၃ | လမ်းမကောင်းသောကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း |
| ၄ | ကျေးရွာဘောလုံးကွင်း မရှိခြင်း | ၄ | ဆေးဝါး၊ ဝန်ဆောင်မှုများ ပြည့်စုံသော ဆေးပေးခန်း မရှိခြင်း |
| ၅ | အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာ မရှိ၍ ဝင်ငွေနည်းပါးခြင်း | ၅ | မူကြိုကျောင်းတွင် သင်ထောက်ကူပစ္စည်းများ နှင့် သင်ယူလေ့လာရန် လုံလောက်သောနေရာထိုင်ခင်း မရှိခြင်း |
| ၆ | စိုက်ပျိုးရေးနည်းပညာမရှိသောကြောင့် ဝင်ငွေနည်းခြင်း | ၆ | ကျေးရွာဘောလုံးကွင်း မရှိခြင်း |
| ၇ | | | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် (၅)နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် | ၁ | အလယ်တန်း ကျောင်းတိုးမြှင့် ရရှိရန် |
| ၂ | အစိုးရဆရာ၊ ဆရာမများ ရရှိရန် မျှော်လင့်ခြင်း | ၂ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် |
| ၃ | သောက်သုံးရေ လုံလောက်စွာ ရရှိရန် | ၃ | သောက်သုံးရေ လုံလောက်စွာ ရရှိရန် |
| ၄ | ကျေးရွာဘောလုံးကွင်း ရရှိရန် | ၄ | ကျေးရွာဘောလုံးကွင်း ရရှိရန် |
| ၅ | | ၅ | |
| | | | |
| | | | |
| | | | |
| | | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ကျောင်းစာသင်ဆောင်တိုးချဲ့ခြင်း | အမျိုးသား + အမျိုးသမီး | ၇၀၀၀၀၀၀ | ၁၁၉ ဦး |
| ၂ | ကျေးရွာလမ်း ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | | ၁၁၉ ဦး |
| ၃ | ရပ်ရွာဘောလုံးကွင်းတည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | | ၁၁၄၀ ဦး |
| ၄ | မူကြိုကျောင်း ပြုပြင်တိုးချဲ့ခြင်း | အမျိုးသား + အမျိုးသမီး | | ၁၁၉ ဦး |
| ၅ | ကျေးရွာလမ်း ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | | ၁၁၉ ဦး |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၆. | ကျန်းမာရေးဝန်ထမ်းများ လုံလောက်စွာရရှိရန် | အမျိုးသမီး | Health |
| ၇. | စိုက်ပျိုးမွေးမြူရေး သင်တန်း | အမျိုးသမီး + အမျိုးသား | Agriculture |
| ၈. | ကျောင်းဆရာ / ဆရာမ ရရှိရေး | အမျိုးသမီး | Education |
| ၉. | သက်မွေးပညာ သင်တန်းပို့ချပေးခြင်း | အမျိုးသား | Health. |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။


အမည် ------------------------------ လက်မှတ် ------------------------------ နေ့စွဲ------------------------------

# ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)



(Form PC 4)

## ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)



ပထမ အကြိမ် ကျေးရွာ အစည်းအဝေး မှတ်တမ်း

ကျေးရွာ - ထန်ချယ်

အုပ်စု - ဘောလခဲ

နေရာ - လူငယ်ရိပ်သာ

ရက်စွဲ - ၂၆·၁·၂၀၁၇

| ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်း | မှတ်ချက် |
| --- | --- | --- |
| ဒေါ်သဲဖြူဝင်း<br>ဦးနေကလော်ဘေး | - အမည် ၊ တာဝန် ၊ နေရပ် တို့ကို မိတ်ဆက် | |
| ဦးစိုးဝင်း | - အဖွင့် အမှာစကား ပြော ·<br>- ကျွန်တော် "လူထုဗဟိုပြု စီမံကိန်း" နှင့် ပတ်သက်ပြီး မိုးဒေါင်းမှာ အစည်းအဝေး တစ်ခါ သွားတက်ခဲ့ဖူးတယ် ·<br>- ကျွန်တော်တို့ ရွာတွေ အတွက် နောက်ကျရင် ဖွံ့ဖြိုးရေး လုပ်ငန်းတွေ လာလုပ်ပေးမှာဖြစ်လို့ အားလုံး ပူးပေါင်းပါဝင်ပေး ကြပါလို့ ပဲ မှာချင်ပါတယ် ၊ ကျေးဇူးတင်ပါတယ် · | |
| ဦးနေကလော်ဘေး | - စီမံကိန်း မိတ်ဆက်ခြင်း အစီအစဉ် ·<br>- ရုပ်ပုံတွေကို အုပ်စု အလိုက်တောက်ဖုံ့ ကို ရှင်းလင်းတင်ပြ · | |
| ဒေါ်သဲဖြူဝင်း | - စီမံကိန်း စက်ဝန်း၏ အဆိုင်း (၆) ဆိုင်း ၊ အဆင့် (၁၄) ဆင့် ကို ရှင်းလင်း ဆွေးနွေး ။ | |
| ဦး နေကလော်ဘေး | - စီမံကိန်း၌ တာဝန်ရှိသူတို့၏ တာဝန် နှင့် ဝတ္တရားများကို ရှင်းပြ<br>- ဆေတနာ့ဝန်ထမ်း ရွေးချယ်ရန် (၁) ဦးစီ အဆိုပြုပေးပြီး အမျိုးသား (၁) ဦး ၊ အမျိုးသမီး (၁) ဦး ကိုရွေးချယ် သည်။<br>(၁) ဦးကျော်ဌေး (အမျိုးသား)<br>(၂) ဒေါ်သန်းသန်းဌေး (အမျိုးသမီး)· | |
| ဒေါ်သဲဖြူဝင်း<br>ဦးနေကလော်ဘေး | - လူမှုဆန်းစစ်ခြင်းအစီအစဉ် · ကိုကျေးရွာလူထုနှင့် အတူ ကိရိယာ (၆) ခု သုံး၍ ဆွေးနွေးသည်။ | |

| ပြောသူ | ဆွေးနွေးသည့်အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | (၁) လူမှုရေးအရင်းအမြစ်ပြမြေပုံဆွဲ၊ ဆွေးနွေးခြင်း<br>(၂) ကျေးရွာတွင်း ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ဆွေးနွေးခြင်း<br>(၃) ပိုင်ဆိုင်မှုများတွင် အမျိုးသမီး၊ အမျိုးသားတို့၏ သုံးစွဲမှု ထိန်းချုပ်မှုတို့ကို ဆွေးနွေးကြသည်။<br>(၄) ရာသီခွင်ပြက္ခဒိန် ရေးဆွဲခြင်းနှင့် ဆွေးနွေးသုံးသပ်ခြင်း။<br>(၅) ပင်ကူအိမ် သုံးသပ်ချက်ကို အမျိုးသမီး၊ အမျိုးသား ခွဲ၍ဆွေးနွေးပြီး ပေါင်းကာ ကွာဟချက်များကိုဆွေးနွေးကြသည်။<br>(၆) ကျေးရွာနှင့်အဖွဲ့အစည်းများချိတ်ဆက်မှု ကိုသုံးသပ်ဆွေးနွေး။ | |
| ဦးစိန်ဝင်း | - အပိတ် ကျေးဇူးတင်စကား ပြောပြီး မနက်ဖြန် မနက် (၈:၀၀) နာရီလောက် ဒုတိယ အကြိမ် အစည်းအဝေး အားလုံး စုံစုံညီညီတက်ရောက်ပေးကြပါ မှာကြားရင်း အစည်းအဝေး ရုပ်သိမ်း။ | |

## ဒုတိယအကြိမ် ကျေးရွာ အစည်းအဝေး မှတ်တမ်း

ကျေးရွာ - ဝမ်ချယ်

အုပ်စု - တောလဲ

မြို့နယ် - တောလဲ

ရက်စွဲ - ၂၇·၁·၂၀၁၇

အချိန် - မနက် (၈:၀၀) နာရီ

| ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ဦးစိန်ဝင်း | - အဖွင့်အမှာစကား ပြောကြားသည်။ "အခုလာတဲ့ အဖွဲ့က လူထုဗဟိုပြုစီမံကိန်း အဖွဲ့ပါ။ ကျေးရွာကို စီမံကိန်းအကြောင်း မနေ့က ဆရာ/ဆရာမတွေ မိတ်ဆက်သွားခဲ့ပြီးပြီ။ အားလုံးလည်း နားလည်သဘောပေါက်ကြပြီလို့ ထင်ပါတယ်။ အခု ဒီနေ့မှာ ကော်မတီဖွဲ့ဖို့ ရှိလို့ အားလုံး ခေါင်းဆောင်ဘဲ ပါဝင်ပေးကြပါ" ဟု တင်ပြသွားသည်။ | |
| ဦးနေကစောဆေး | ကျေးရွာတွင် ကြုံတွေ့နေရသော အခက်အခဲ နှင့် ပြဿနာများကို ဖော်ထုတ်ဆွေးနွေးခြင်း နှင့် မိမိတို့ ကျေးရွာအပေါ် နောင်လာမည့် (၅) နှစ်အတွက် မျှော်မှန်းထားသည့် မျှော်မှန်းချက်များကို ဖော်ထုတ်ကြသည်။ ကျေးရွာအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို သတ်မှတ်ဆွေးနွေးကြသည်။ | |
| ဒေါ်သဲဖြူဝင်း<br>ဦးနေကစောဆေး | ဝမ်ချယ်ကျေးရွာအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရရန် ဦးစားပေးလုပ်ငန်းများ အမျိုးသား၊ အမျိုးသမီး ခွဲကာ ဆွေးနွေးသည်။ ထို့နောက် အားလုံးပေါင်းကာ မဲပေးစနစ်ဖြင့် ဦးစားပေးလုပ်ငန်းများကို အဆင့်အလိုက် ပြန်လည်ရွေးချယ်ကြသည်။ ပြန်လည်ရွေးချယ်ထားသော အဆင့်အလိုက် လုပ်ငန်းများမှာ အောက်ပါတို့ ဖြစ်သည်။<br>(၁) ကျောင်းစာသင်ဆောင် တိုးချဲ့ခြင်း (ကျား + မ)<br>(၂) ကျေးရွာလမ်း ပြုပြင်ခြင်း (ကျား + မ)<br>(၃) အုပ်စုဘောလုံးကွင်း တည်ဆောက်ခြင်း (ကျား + မ)<br>(၄) မူကြိုကျောင်း မြေဖို့ တိုးချဲ့ခြင်း (ကျား + မ) | |

| ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ | မှတ်ချက် |
| --- | --- | --- |
| | (၅) ကျေးရွာလမ်း ပြုပြင်ခြင်း (ကျား + မ)<br>(၆) သက်မွေးပညာ သင်တန်း ပံ့ပိုးပေးခြင်း (ကျား)<br>(၇) ကျန်းမာရေး ဝန်ထမ်း လုံလောက်စွာ ရရှိရန် (မ)<br>(၈) စိုက်ပျိုး မွေးမြူရေး သင်တန်း (ကျား + မ)<br>(၉) ကျောင်းဆရာ / ဆရာမ ဦးရေ တိုး၍ ရရှိရေး (မ) | |
| ဦးနေကသာဝေး | "လူထုဗဟိုပြု စီမံကိန်းတွင် အကျုံးဝင်သော လုပ်ငန်းခွဲများနှင့် အကျုံးမဝင်သော လုပ်ငန်းများ နှင့် ပထမ ဦးဆုံးနှစ်တွင် အကျုံးဝင်သော လုပ်ငန်းခွဲများ၊ အကျိုး ပြုလူဦးရေ နှင့် အမျိုးသား၊ အမျိုးသမီး လုပ်အားခ တန်းတူရရှိနိုင် ကြောင်း ရှင်းလင်းတင်ပြသည်။ | |
| ဒေါ်[illegible]မြူဝင်း | စီမံကိန်းတွင် သတ်မှတ်ထားသော လူမှုရေး ဆိုင်ရာ နှင့် ပတ်ဝန်းကျင် ဆိုင်ရာ ထားရှိရမည့် အကာအကွယ် များကို ရှင်းလင်းတင်ပြသည်။ | |
| ဦးနေကဒေါ်သာဝေး<br>ဒေါ်သဲမြူဝင်း<br>ဒေါ်ရှုမိုင်<br>ဦးစောဘွဲ့ဦး | ကျေးရွာစီမံခန့်ခွဲမှု ကော်မတီဖွဲ့ ရာတွင် အမျိုးသား၊ အမျိုး သမီး (၃) ဦးစီ အဆိုပြုစေပြီး မဲစနစ်ဖြင့် ရွေးချယ်ကြသည်။<br><br>ကျေးရွာစီမံခန့်ခွဲရေး အဖွဲ့<br><br>၁. ဦးတင်ရွှေ — စီထောက်ဥက္ကဋ္ဌ<br>၂. ဒေါ်စန်းသီတာမြိုင် — စီထောက်ဥက္ကဋ္ဌ<br>၃. ဦးနေထွန်း — ကျေးရွာစာရင်းကိုင်<br>၄. ဦးကျော်ရွှေ — စေတနာ့ဝန်ထမ်း<br>၅. ဒေါ် သန်းသန်းဝေး — "<br>၆. ဦးသိန်းအောင် — စောင့်ကြည့်ကြီးကြပ်ရေး<br>၇. ဒေါ်မိုးမိုးရွှေ — "<br>၈. ဦးကျော်သိန်း — ဝေဖန်အကြံပြု<br>၉. ဒေါ်ချောချောဦး — "<br>၁၀. ဦးမောင်ညွန့် — ဝယ်ယူရေး<br>၁၁. ဒေါ်စန်းရီ — "<br>၁၂. ဦးထွန်းကျော် — လည်ပတ်ထိန်းသိမ်းရေး<br>၁၃. ဒေါ်ခိုင်ခိုင်ဦး — " | |

| ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ | မှတ်ချက် |
| --- | --- | --- |
| | (၁၄) ဦးစိန်ဝင်း အကြံပေးပုဂ္ဂိုလ် .<br>ကော်မတီဝင်များ ရွေးချယ်ပြီး နောက်ကော်မတီဝင်များ၏ တာဝန် ဝတ္တရားများကို ရှင်းပြပြီး ကျင့်ဝတ် များကို လက်မှတ် ထိုးစေ သည်။ | |
| ဦးစိန်ဝင်း · | ကျေးဇူး တင်စကား ပြောကြား ပြီး အစည်း အဝေးကို ရုပ်သိမ်း လိုက်သည်· | |

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ (စါတ်ပုံများကျန်သေး)

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြီးမြောက် ဆောင်ရွက်မှု |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ နှင့်လမ်း/တံတား | ၁ | ကျေးရွာလမ်း ပြုပြင်ခြင်း | ကျား+မ | Jan/2017 | ကျေးရွာလူထု | |
| | ၂ | [illegible] တည်ဆောက်ခြင်း | ကျား+မ | Jan/2017 | ကျေးရွာလူထု | |
| အသက်မွေးဝမ်းကြောင်းနှင့် စီးပွားရေး | ၁ | သက်မွေးပညာပံ့ပိုးပေးခြင်း | ကျား | Jan/2017 | ကျေးရွာလူထု | |
| | ၂ | စိုက်ပျိုးမွေးမြူရေးသင်တန်း | ကျား+မ | Jan/2017 | ကျေးရွာလူထု | |
| ကျန်းမာရေး | ၁ | ကျန်းမာရေးဝန်ထမ်းလုံလောက်စွာရရှိရန် | မ | Jan/2017 | ကျေးရွာလူထု | |
| ပညာရေး | ၁ | ကျောင်းစာသင်ဆောင် တိုးချဲ့ခြင်း | ကျား+မ | Jan/2017 | ကျေးရွာလူထု | |
| | ၂ | မူကြိုကျောင်းပြုပြင်တိုးချဲ့ခြင်း | ကျား+မ | Jan/2017 | ကျေးရွာလူထု | |
| | ၃ | ကျောင်းဆရာ/ဆရာမလုံလောက်စွာရရှိရေး | မ | Jan/2017 | ကျေးရွာလူထု | |
| အခြား | | | | | | |